# ဒီမိုကရက်တစ်လူငယ်ကောင်စီ

# (၂)နှစ်ပြည့် ကြေညာစာတမ်း (၂၀၂၃ ခုနှစ်)

## ဖက်ဒရယ်ခရီးသို့ အရောက်ချီ
## စုပေါင်းအားဖြင့် ရှုန်းကြမည်

၁။ အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေး။

၂။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး။

၃။ လူငယ်များ နိုင်ငံရေးနှင့် အခြားဦးဆောင်မှုကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်လာနိုင်စေရေး နှင့် မိမိကံကြမ္မာ မိမိ ဖန်တီးနိုင်စေရေး။

**စစ်အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေးသည်**

**အမျိုးသားရေး တာဝန်ဖြစ်သည်**

# အရေးတော်ပုံဆိုင်ရာ လမ်းညွှန်မြေပုံ

(က) ဒီမိုကရက်တစ်လူငယ်ကောင်စီတွင် စုံလင်ကွဲပြားသည့် တိုင်းရင်းသားလူငယ်များ၊တက်သိပညာရှင် လူငယ်များအား စည်းရုံး၍ ခိုင်မာသည့်အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်သွားမည်။

(ခ) နည်းစနစ်ကျသည့်၊ထိရောက်သော၊အားလုံးပါဝင်နိုင်သည့် မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်၍ အာဏာရှင်စနစ်အား နိဂုံးချုပ်ပေးနိုင်စေရေး နှင့် ပြည်သူများပါဝင်တော်လှန်နိုင်သည့် လုပ်ငန်းများအား ဖော်ဆောင်သွားမည်။

(ဂ) ပြည်တွင်း၊ပြည်ပ နိုင်ငံများ၊မြန်မာ့ဒီမိုကရေစီအရေး ထောက်ခံကြိုဆိုလှုပ်ရှား ဆောင်ရွက်နေကြသည့် အင်အားစုများနှင့် မဟာဗျူဟာမြောက် ဆက်သွယ် ချိတ်ဆက်၍ အလုပ်ဖြစ်မြောက်ရေး အစွမ်းကုန် ပူးပေါင်းမည်။

(ဃ) နိုင်ငံတဝှမ်းလုံးတွင် အာဏာဖီဆန် နိုင်ငံရေးအံတုမှု လှုပ်ရှားမှုများ စဉ်ဆက်မပြတ် ဖြစ်တည်နိုင်စေရေး နှင့် မြို့နယ်တာဝန်ခံအဖွဲ့များမှတဆင့် သက်ဆိုင်ရာမြို့နယ်အလိုက် နိုင်ငံရေး၊ဖွဲ့စည်းပုံအခြေခံဥပဒေ(ကြားကာလ) ဖော်ဆောင်နိုင်စေရေး နှင့် ဖွံ့ဖြိုးတိုက်တက်ရေး နှင့် လူငယ်များ၏ တာဝန်၊အခွင့်အရေး၊ရပိုင်ခွင့်များအတွက် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားမည်။

(င) သစ္စာရှိရှိ၊တာဝန်သိသိဖြင့် လူငယ်များ အပါအဝင် ပြည်သူလူထု၏ အသိအပြု သော လူငယ်နိုင်ငံရေးအဖွဲ့အစည်းအဖြစ် အဆုံးထိ ဆက်လက်ချီတက်သွားမည်။

# ကျွန်ုပ်တို့၏ သံဓိဋ္ဌာန်

- ကျွန်ုပ်တို့သည် အာဏာရှင်နိဂုံးချုပ်ပေးနိုင်စေရေးအတွက် ကိုယ်ကျိုးမပါပဲ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် သစ္စာရှိရှိ အစွမ်းကုန် ကြိုးပမ်းသွားမည်။
- ကျွန်ုပ်တို့သည် ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေး နှင့် ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမည်။
- ကျွန်ုပ်တို့သည် လူငယ်များ နိုင်ငံရေးနှင့် အခြားဦးဆောင်မှုကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာပါဝင်လာနိုင်စေရေး နှင့် လူငယ်များ၏ တာဝန်၊အခွင့်အရေး၊ရပိုင်ခွင့်များအတွက် ဆက်လက်လှုပ်ရှားဆောင်ရွက်သွားမည်။

# ကျွန်ုပ်တို့၏ နိုင်ငံရေးခံယူချက်

ဒီမိုကရက်တစ်လူငယ်ကောင်စီသည် လူမှုနိုင်ငံရေးသဘောတရားအား ကျင့်သုံးကိုင်စွဲ၍ ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေး၊လူငယ်များ နိုင်ငံရေးနှင့် အခြားဦးဆောင်မှုကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာပါဝင်လာနိုင်စေရေး နှင့် မိမိကံကြမ္မာ မိမိ ဖန်တီးနိုင်စေရေးတို့အား ဆောင်ရွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။
အာဏာဖီဆန် နိုင်ငံရေးအံတုမှု မဟာဗျူဟာအား ဖော်ဆောင်ကျင့်သုံး၍ အားလုံးပါဝင်နိုင်စေရေး၊ မဟာဗျူဟာမြောက် ဆက်သွယ်ဆောင်ရွက်ရေးတို့ဖြင့် ဆက်လက်အံတုတော်လှန်သွားမည်။

# ဥယျောဇဉ်

၂၀၂၁ခုနှစ်သည် ကျွန်ုပ်တို့ လူငယ်မျိုးဆက်အတွက် မျှော်လင့်မထားသည့် စိန်ခေါ်မှုရိုက်ချက်ကြီးမားသည့် နှစ်ဖြစ်သည်။အကြမ်းဖက်စစ်အုပ်စုသည် လူငယ်များ အပါအဝင် ပြည်သူလူထုတရပ်လုံး၏ အနာဂတ်နှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အား လုယူခဲ့သည်။ ထို့အပြင် လူငယ်များ၏ ကံကြမ္မာနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို သိမ်းပိုက်ခဲ့သည်။ ကျောင်းသားလူငယ်များအား မတရားဖမ်းဆီး နှိပ်စက်၊သတ်ဖြတ်ခဲ့သည်။ မတရားအာဏာလုယူမှုကြောင့် လူငယ်အများအပြား လက်နက်ကိုင်ခုခံတွန်းလှန်ရသည်အထိ ယုတ်မာကောက်ကျစ်ခဲ့သည်။ ထို့ကြောင့် နွေဦးတော်လှန်ရေးတစ်ရပ်အား လူငယ်များအပါအဝင် ပြည်သူလူထုကပင် အကြမ်းဖက်စစ်တပ်၏ အနိုင်ကျင့်စော်ကားမှု၊မတရားပြုကျင့်မှုများအား လုံးဝလက်မခံကြောင်း ပြသဖော်ထုတ်ခဲ့သည်။ ထို့ကြောင့် လူငယ်များ၊ပြည်သူများ၏ ဒုက္ခများ၊မတရားမှုများ၊အနိုင်ကျင့်ခံရမှုများ အခြားနည်းတူ ဆန့်ကျင်တော်လှန်ရန်နှင့် ခုခံကာကွယ်ရန်အတွက် လူထုလှုပ်ရှားမှုကြီးအားဖော်ဆောင်ခဲ့သည်။၂၂ရက်၊ဖေဖော်ဝါရီလ၊၂၀၂၁ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် နွေဦးတော်လှန်ရေး လူထုဆန္ဒဖော်ထုတ်မှု မှ ဒီမိုကရက်တစ်လူငယ်ကောင်စီကို မီးရှူးသန့်စင် မွေးထုတ်ခဲ့သည်။စုံလင်ကွဲပြားသည့် လူငယ်များဖြင့် စနစ်တကျဖွဲ့စည်း၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးကဏ္ဍတွင် လူငယ်များသည် အရေးပါသည့် အင်အားတစ်ရပ်ဖြစ်ပေါ်ပေါက်လာစေရန် စုပေါင်းခေါင်းဆောင်မှုအင်အားဖြင့် ဖွဲ့စည်းခဲ့သည်။နိုင်ငံရေးပါတီမှ လူငယ်များ၊တိုင်းရင်းသားများ၊အာဏာဖီဆန်အံတုခဲ့ကြသည့် ပြည်သူ့ဝန်ထမ်းလူငယ်များ၊ကျောင်းသားကျောင်းသူများ၊တက်သိပညာရှင်လူငယ်များဖြင့် ဖွဲ့စည်း၍ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ဖြစ်သည့် အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေး၊ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနှင့် လူငယ်များ နိုင်ငံရေးတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်လာနိုင်စေရေး ကြိုးစားလျှက်ရှိသည်။

၂၀၂၃ခုနှစ်သည် တော်လှန်ရေး၏ အပြောင်းအလဲဖြစ်ရန် ဒီမိုကရက်တစ်အင်အားစုများနည်းတူ ကျွန်ုပ်တို့ ဒီမိုကရက်တစ်လူငယ်ကောင်စီအနေဖြင့်လည်း အထူးကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။ ထို့သို့ကြိုးစားရာတွင် ပြည်သူများထဲသို့ ကွင်းဆင်း၍ ပြည်သူများ၏ ဒုက္ခများ၊အခက်အခဲများ၊မျှော်လင့်ချက်၊လိုလားတောင့်တချက်၊ယုံကြည်ချက်များကို ကျွန်ုပ်တို့ ကြားနာခဲ့ပြီး ကျွန်ုပ်တို့၏ သစ္စာဓိဌာန်နှင့် လှုပ်ရှားမှုများ၊နိုင်ငံရေးလှုပ်ရှားမှု၊ပြည်သူများနှင့်အတူ ဆောင်ရွက်ရန် ပြင်ဆင်ထားသည့် နိုင်ငံရေးမဟာဗျူဟာများအား ဆွေးနွေးအသိပညာပေးခြင်း၊ဒေသခံပြည်သူများအတွက် ရည်ရွယ်၍ စဉ်ဆက်မပြတ်နိုင်ငံရေး အသိပညာမြှင့်တင်ရေး နှင့် စဉ်ဆက်မပြတ်သက်မွေးဝမ်းကြောင်းပညာရပ်များ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခဲ့၊ဆောင်ရွက်လျှက်ရှိသည်။အမျိုးသမီး၊လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန၊နွေဦးတက္ကသိုလ်၊Freedom Fighter (Myanmar) အပြင် အခြားနိုင်ငံရေးအင်အားစုများနှင့် ပေါင်းစပ်၍ နိုင်ငံရေးသင်တန်းများကို အခြေခံနိုင်ငံရေးသင်တန်း အပတ်စဉ် ၁မှ ၅အထိ၊အဆင့်မြင့် နိုင်ငံရေးသင်တန်း အပတ်စဉ် ၁ အားပို့ချသင်ကြားပေးနိုင်ခဲ့သည်။ ထို့အပြင် အသက်မွေးဝမ်းကြောင်းပညာသင်ကြားရေးအစီအစဉ်တွင်လည်း ဆရာဖြစ်အင်္ဂလိပ်စာသင်တန်း (၂)တန်း၊အခြေခံအင်္ဂလိပ်စာသင်တန်း (၃)တန်း၊လူမှုဆက်ဆံရေးအင်္ဂလိပ်စာ (၁)တန်း၊စီးပွါးရေးအင်္ဂလိပ်စာသင်တန်း(၁)တန်း အပြင် အခြေခံစာရင်းကိုင်သင်တန်း(၁)တန်း၊အခြေခံဆိုက်ဘာလုံခြုံရေးနှင့် ကွန်ပျူတာသင်တန်း (၂)တန်း၊ရိုဟင်ဂျာနိုင်ငံသားများအတွက် အခြေခံ

မြန်မာစာသင်တန်း အခြေခံ (၁)တန်း၊အဆင့်မြင့် (၁)တန်း စသည်တို့ကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ထို့အပြင် မြို့နယ်တာဝန်ခံအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက်လည်း မဟာဗျူဟာမြောက် ဆောင်ရွက်လျှက်ရှိပြီး ဒီမိုကရက်တစ်လူငယ်ကောင်စီ(ပုလဲမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး)နှင့် ဒီမိုကရက်တစ်လူငယ်ကောင်စီ(မြောင်မြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး) တို့အား ဖွဲ့စည်းနိုင်ခဲ့သည်။ထို့အပြင် ဦးစားပေး ပြည်နယ်များအား သတ်မှတ်၍ မြို့နယ်တာဝန်ခံအဖွဲ့များ ဖွဲ့စည်းနိုင်စေရေး အတွက် ရှမ်းပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး စသည့် ဒေသများသို့ မြို့နယ်တာဝန်ခံအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ စည်းရုံးရေးခရီးစဉ်များ ထွက်ရှိ၍ ကြိုးစားလျှက်ရှိသည်။ထို့အပြင် ဆက်လက်၍လည်း တနင်္သာရီတိုင်းဒေသကြီး၊မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် မြို့နယ်တာဝန်ခံအဖွဲ့များဖွဲ့စည်း၍ မြို့နယ်တာဝန်ခံဖွဲ့စည်းရေးဆိုင်ရာ လမ်းညွှန်ချက်ပါ လုပ်ငန်းတာဝန်များ ဖေါ်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။ဒီမိုကရက်တစ်လူငယ်ကောင်စီ(ပုလဲမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး) အနေဖြင့် ပုလဲမြို့နယ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ပညာရေးဝန်ကြီးဌာနနှင့် မြို့နယ်တာဝန်ခံအဖွဲ့တို့ ပူးပေါင်း၍ ဖက်ဒရယ်ကျောင်းများဖေါ်ဆောင်ပေးနိုင်ခြင်း၊ကျန်းမာရေးစင်တာများ ဖွင့်လှစ်ပေးနိုင်ခြင်း အပါအဝင် စသည့် လူမှုရေးလုပ်ငန်းများလည်း စတင်ဆောင်ရွက်နေပြီဖြစ်သည်။ဒီမိုကရက်တစ်လူငယ်ကောင်စီ လုပ်ငန်းစဉ်အနေဖြင့် ပြည်တွင်းနိုင်ငံရေး၊ နိုင်ငံတကာနှင့် အာဆီယံရှိ ဒီမိုကရက်တစ်အင်အားစုများ၊အစိုးရမဟုတ်သည့် အဖွဲ့များနှင့် တွေ့ဆုံ၍ မြန်မာဒီမိုကရေစီအရေး နှင့်ပတ်သတ်၍ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ ကုလသမဂ္ဂအထူးအကြံပေးကောင်စီ အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည့် Special Advisory Council for Myanmar (SAC-M) ရှိ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများ နှင့်အမြင်များ၊ ရှေ့ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးနိုင်ခဲ့ပြီး ဟောင်ကောင်၊စင်္ကာပူ၊ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ တက်ကြွလှုပ်ရှားသူများနှင့်တွေ့ဆုံကာ မြန်မာ့အရေး၊အာဆီယံအရေး နှင့် ဒေသတွင်း ဒီမိုကရေစီအရေးများအား ထိရောက်စွာ ဆွေးနွေးခဲ့ပြီး ဆက်လက်၍ ပူးပေါင်းလုပ်ဆောင်ရမည့် လုပ်ငန်းများအား ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် ပြည်တွင်းနိုင်ငံရေး အနေဖြင့် ပြည်တွင်းရှိ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊တက်သိပညာရှင်များ နှင့် ဗျူဟာမြောက် တွေ့ဆုံဆွေးနွေး၍ ၂၀၂၃အပြောင်းအလဲတွင် လက်တွဲပူးပေါင်းကြရန် ဆွေးနွေးနိုင်ခဲ့သည်။

ထို့အပြင် ပြည်တွင်းရှိ ဒီမိုကရက်တစ်အင်အားစုများ၊နိုင်ငံရေးအင်အားစု များဖြင့် မဟာမိတ်အသွင်ဖြင့် ဆက်လက်ပူးပေါင်းမှုအား အရှိန်မြှင့်သွားမည်ဖြစ်သည်။ထို့အပြင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ(ပြည်နယ်အဆင့်) ဖေါ်ဆောင်ရေးအတွက် သက်ဆိုင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျှက်ရှိပြီး အကောင်အထည်ပေါ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ထို့အပြင် ဒီမိုကရက်တစ်လူငယ်ကောင်စီအနေဖြင့် လူငယ်များ၏ အသံနှင့် ပြည်သူများ၏ ဆန္ဒနှင့် ယုံကြည်ချက်များအား ပိုမိုဆောင်ရွက်နိုင်စေရေးနှင့် နိုင်ငံရေးကဏ္ဍတွင် လူငယ်များ ပိုမိုပါဝင်လာနိုင်စေရေးတို့အတွက် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC) တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်စေရေး ကြိုးပမ်းသွားမည်ဖြစ်သည်။

ဒီမိုကရက်တစ်လူငယ်ကောင်စီအနေဖြင့် အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေးအတွက် မဟာဗျူဟာမြောက် ချိတ်ဆက်သွယ်ရေးအခြေခံဖြင့် ကြိုးပမ်းသွားမည်ဖြစ်ပြီး နိုင်ငံသားအပေါ် အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး ကြိုးပမ်းသွားမည်ဖြစ်သည်။ထို့အပြင် လူငယ်များ၏ နိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက် မူဝါဒများ၊ဥပဒေများ၊နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းများတွင် တက်ကြွစွာပါဝင်သွားမည်ဖြစ်သည်။ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ(ပြည်နယ်အဆင့်)နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်တာဝန်ခံအဖွဲ့များအား ပြည်ထောင်စုတဝှမ်းတွင် ဖော်ဆောင်၍ လူငယ်နိုင်ငံရေအဖွဲ့အစည်း အဖြစ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံရေးအာဏာဖီဆန်အံတုရေး လှုပ်ရှားမှုများအား စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထု၏ အင်အားကို စနစ်တကျ စုစည်း၍ စည်းရုံး၍ ၂၀၂၃ခုနှစ် တော်လှန်ရေး၏ အပြောင်းအလဲကို နိုင်ငံရေးအရ အားလုံးပါဝင်၍ ဖော်ဆောင်နိုင်ရန် အထူးအလေးပေးကြိုးစားသွားမည်ဖြစ်သည်။ ဒီမိုကရက်တစ်လူငယ်ကောင်စီသည် တော်လှန်ရေးနှင့် ပြည်သူများအား မည်သို့သောအကြောင်းပြချက် ဖြင့်မှ သစ္စာမဖေါက်၊လမ်းမလွှဲသွားပဲ ပြည်သူ့၏ ခွန်အား၊အမှန်တရား၏ စွမ်းအားကို အခြေခံ၍ ပြည်သူလူထုနှင့်အတူ တသားတည်း ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြု၍ ကျွန်ုပ်တို့ ကြေညာလိုက်သည်။

## ကျွန်ုပ်တို့၏ မြင့်မြတ်သည့် ပြည်သူ့တော်လှန်ရေး မုချအောင်ရမည်။

**ဒီမိုကရက်တစ်လူငယ်ကောင်စီ**
**လူငယ်နိုင်ငံရေးအဖွဲ့အစည်း**

ဒီမိုကရက်တစ်လူငယ်ကောင်စီအနေ၏ လုပ်ငန်းစဉ်များအနေဖြင့် ပြည်တွင်းနိုင်ငံရေး၊နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင်ပြည်တွင်းရှိ အဓိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး ဟူ၍ အပိုင်း(၃)ပိုင်းဖြင့် ဆောင်ရွက်လျှက်ရှိသည်။

**(က) ပြည်တွင်းနိုင်ငံရေး**အနေဖြင့်

- အကြမ်းမဖက်တော်လှန်ရေး Civil Disobedience Movement တွင် ပါဝင်ခဲ့ကြသူများဆိုင်ရာ ကဏ္ဍ
- အာဏာဖီဆန်နိုင်ငံရေးအံတုမှုမြှင့်တင်ရေး Political Defiance Upgrading Program ကဏ္ဍ
- လူငယ်စွမ်းအားမြှင့်တင်ရေးကဏ္ဍ ( Youth Empowerment Sector)
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကဏ္ဍ ( Sustainable Developing Sector)

**(ခ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**အနေဖြင့်

- အာဆီယံကဏ္ဍ
- ဒီမိုကရေစီနိုင်ငံများ၏ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ
- သံတမန်ရေးရာနှင့် ပိတ်ဆို့မှုကဏ္ဍ

**(ဂ) အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင်ပြည်တွင်းရှိ အဓိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး**အနေဖြင့်

- တော်လှန်ရေး၊ဖက်ဒရယ်ဒီမိုကရေစီရေးဆိုင်ရာ ဖိုရမ်များ၊သင်တန်းများ၊အသိပညာပေးဆောင်ရွက်မှုများ ဆောင်ရွက်ရေးကဏ္ဍ။
- ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းကဏ္ဍ
- နွေဦးလူငယ်ကွန်ယက်ကဏ္ဍ

စသည့် လုပ်ငန်းများ၊လှုပ်ရှားမှုများအား ရေတို/ရေရှည် စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်လျှက်ရှိပါသည်။

## (က) ပြည်တွင်းနိုင်ငံရေး

အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးတွင် ပြည်တွင်းနိုင်ငံရေး မြှင့်တင်နိုင်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတွင် တည်ရှိပါသည်။ပြည်တွင်းနိုင်ငံရေးအား ဆောင်ရွက်ရာတွင် မိမိတို့ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်အကောင်အထည်ဖော်၍ ရနိုင်မည်မဟုတ်ပဲ

ပြည်တွင်းရှိ ပြည်သူများ(Public)၊နိုင်ငံရေးအင်အားစုများ(Political Stakeholders )၊ဒီမိုကရက်တစ်အင်အားစုများ (Democratic Forces) နှင့် အခြား ပါသင့်ပါထိုက်သူအစုအဖွဲ့များနှင့် ဗျူဟာမြောက်ဆက်သွယ်၍ ဖော်ဆောင်သွားမည်ဖြစ်သည်။ဒီမိုကရက်တစ်လူငယ်ကောင်စီအနေဖြင့် လူငယ်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ လူငယ်ထု၏ အခွင့်အရေး၊တာဝန်နှင့် ရပိုင်ခွင့်များကိုလည်း အထူးအလေးပေး ဖော်ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းနိုင်ငံရေးကဏ္ဍကို ဖော်ဆောင်ရာတွင် တော်လှန်ရေးတွင်းကာလ၊တော်လှန်ရေးလွန်ကာလ၊နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကာလ ဟူ၍ ကာလ(၃)ခု သတ်မှတ်ကာ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

### (ကက) အကြမ်းမဖက်တော်လှန်ရေး Civil Disobedience Movement တွင် ပါဝင်ခဲ့ကြသူများဆိုင်ရာ ကဏ္ဍ

၁။ အာဏာဖီဆန်နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ၏ ဆွေးနွေးပွဲ၊စကားဝိုင်းများ ဖော်ဆောင်နိုင်စေရေး

၂။ အာဏာဖီဆန်နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ၏ အဖြစ်အပျက်များ၊ခံစားချက်များ၊မှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်၍ ဖြန့်ချီနိုင်စေရေး။

၃။ အာဏာဖီဆန်နိုင်ငံရေးလှုပ်ရှားမှု CDM media platform များ CDM Magazines, CDM Channel များ ဖော်ဆောင်နိုင်စေရေး။

၄။ အာဏာဖီဆန်နိုင်ငံရေးလှုပ်ရှားမှု ဆောင်ရွက်ခဲ့သူများအတွက် အလုပ်အကိုင်ဖန်တီးနိုင်စေရေး CDM Digital Market အားဖော်ဆောင်နိုင်စေရေး။

၅။ အာဏာဖီဆန်နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများ၏ CDM Digital Market တွင် ရောင်းချထုတ်လုပ်နိုင်ရေး ထုတ်ကုန်မြှင့်တင်သင်တန်းများ၊လုပ်ငန်း၊လက်မှုပညာများနှင့် စီးပွါးရေးလုပ်ငန်းများ မြှင့်တင်ရေး

## (ကခ) အာဏာဖီဆန်နိုင်ငံရေးအံတုမှုမြှင့်တင်ရေး Political Defiance Upgrading Program ကဏ္ဍ

၁။ အာဏာဖီဆန်နိုင်ငံရေးအံတုမှုဆိုင်ရာ ဗျူဟာများ၊နည်းဗျူဟာများ၊သဘောတရားများ၊လှုပ်ရှားမှုများအား ဖြန့်ဝေခြင်း၊ဖွဲ့စည်းပေးခြင်း။

၂။ အာဏာဖီဆန်နိုင်ငံရေးအံတုမှုဆိုင်ရာ လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများဖြင့် ပူးပေါင်းချိတ်ဆက်ကာ အံတုရေး လှုပ်ရှားမှုများအား အကောင်အထည်ဖေါ်ဆောင်ခြင်း။

၃။ အာဏာရှင်တို့၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များအား ကန့်ကွက်ခြင်း၊ရှုံ့ချခြင်း နှင့် ဝင်ရောက်စွက်ဖက်ခြင်း။

၄။ အာဏာရှင်၏ ထောက်တိုင်ဖြစ်သော စီးပွါးရေးဆောင်ရွက်ချက်များအား ပြည်သူလူထု မသုံးစွဲရေး၊မပူးပေါင်းရေး၊ကန့်သတ်ပိတ်ပင်ရေး ဆောင်ရွက်ခြင်း။

၅။ အာဏာရှင်တို့၏ လက်ကိုင်တုတ်များဖြစ်သည့် တပ်မတော်၊ရဲတပ်ဖွဲ့ နှင့် အခြားအဖွဲ့အစည်း တို့ကို နိုင်ငံရေးအရ ရှုံ့ချခြင်း၊ကန့်ကွက်ခြင်း၊ပြည်သူနှင့် ပူးပေါင်းလာစေရန် စည်းရုံးခြင်း

၆။ အာဏာရှင်စနစ်နိဂုံးချုပ်ရေးဆိုင်ရာ အံတုရေးအစီအစဉ်အရ ပြည်သူများအားလုံးပါဝင်သည့် အာဏာရှင်နှင့် စစ်တပ်၏ အကျိုးစီးပွါးနှင့် ကန့်သတ်တားမြစ်ချက်များအား ချိုးဖေါက်ခြင်း၊ မလိုက်နာခြင်း နှင့် အသိအမှတ်မပြုခြင်း ဆောင်ရွက်ချက်များ

၇။ နိုင်ငံလုံးဆိုင်ရာ အာဏာဖီဆန်နိုင်ငံရေး အံတုမှု လှုပ်ရှားမှုကြီးများ၊ လူထုပူးပေါင်းအံတုမှုများ ဖေါ်ဆောင်ရေး

## (ကဂ) လူငယ်စွမ်းအားမြှင့်တင်ရေးကဏ္ဍ ( Youth Empowerment Sector)

၁။ အသက်အရွယ်အပိုင်းအခြား၊ပညာအရည်အချင်း ပေါ်မူတည်၍ လုပ်ငန်းခွင်သုံး အသက်မွေးဝမ်းကြောင်းပညာများ ပို့ချနိုင်စေရေး

၂။ ပြည်တွင်း/ပြည်ပရှိ ပို့ချသူများ၏ အသုံးချဘာသာရပ်များအား တက်ရောက်သင်ယူနိုင်စေရေး။

၃။ ဘာသာစကားနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း။

၄။ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ကာ သင်ယူမှုနှင့် ပညာတော်သင်ဆုများ လျှောက်ထားခွင့်ရရှိနိုင်စေရေး။

## (ကဃ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကဏ္ဍ ( Sustainable Developing Sector)

၁။ **“လူငယ်မှလူငယ်သို့** “ လမ်းညွှန်ချက် အစီအစဉ် လုပ်ငန်းများအား စနစ်တကျ၊ထိရောက်၍ အားလုံးပါဝင်နိုင်သည့် အခင်းအကျင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ လူငယ်များ၏ နိုင်ငံရေးအမြင်များ၊အယူအဆများ တိုးတက်မြင့်မားစေရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း။

၃။ ဖိုရမ်များ၊အသိပညာဖလှယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ထောက်ပံ့ကူညီစေခြင်း

၄။ ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်းကာ နိုင်ငံရေးသင်တန်းများ၊ဖက်ဒရယ်ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း။

## (ခ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး

မြန်မာ့နိုင်ငံရေးအား လေ့လာရာတွင် ရှုဒေါင့်(၅)မျိုးမှ ကျွန်ုပ်တို့ သုံးသပ်လေ့လာခဲ့သည်။ အဆိုပါရှုထောင့် ငါးမျိုးတွင် (က)ပထဝီနိုင်ငံရေး၊(ခ)လူဦးရေနိုင်ငံရေး၊(ဂ) ဘောဂနိုင်ငံရေး၊(ဃ)လူမှုနိုင်ငံရေး၊(င) အုပ်ချုပ်မှုနိုင်ငံရေး တည်းဟူသောရှု့ထောင့်စုံမှ လေ့လာသုံးသပ်မှုများအရ မြန်မာ့နိုင်ငံရေးသည် (က) ပထဝီဝင်မဟာဗျူဟာ၊(ခ) လူဦးရေး၊(ဂ)စီးပွါးရေးအရင်းအမြစ်များ၊(ဃ)အတွေးအခေါ်စနစ် တို့သည် အရေးပါလျှက်ရှိသည်။ ၂၀၁၀ခုနှစ်မှ ၂၀၂၀ခုနှစ် အရပ်သားအစိုးရကာလတစ်လျှောက် မြန်မာ့ နိုင်ငံရေးသည် ပထဝီနိုင်ငံရေးသဘောတရား နှင့် ဟန်ချက်ညီစေရန် ထိန်းကြောင်းနေခြင်းဖြစ်ပြီး အကြမ်းဖက်စစ်အုပ်စု၏ မတရားအာဏာလုယူချိန်တွင် အဆိုပါအရှိန် ကျန်ရှိနေသည်ကို တွေ့ရသည်။ ထို့အပြင် ပထဝီနိုင်ငံရေးအရ မြန်မာ့နိုင်ငံရေးကို လွှမ်းမိုးထားသည့် အိမ်နီးချင်းနိုင်ငံများ၊ကမ္ဘာ့နိုင်ငံများ၏ အခင်းအခက်သည်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးတစိတ်တပိုင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဒီမိုကရက်တစ်လူငယ်ကောင်စီအနေဖြင့် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၊အင်အားကြီးနိုင်ငံများ၊ဒေသတွင်းနိုင်ငံများ နှင့် စဉ်ဆက်မပြတ် ထိတွေ့၍ မြန်မာ့အရေး ပူးပေါင်းအဖြေရှာ၍ ဒီမိုကရေစီစနစ် ပြန်လည်ဖော်ဆောင်ရေးကြိုးပမ်းလျှက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းနှင့် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၊ဒီမိုကရက်တစ်နိုင်ငံများ နှင့် ချိတ်ဆက်လျှက် မြန်မာ့အရေး နိုင်ငံတကာ၏ ပူးပေါင်းပါဝင်မှု၊ထိရောက်သည့် ဖိအား၊စီးပွါးရေးနှင့် လက်နက်ပိတ်ဆို့ရေး စသည့် လုပ်ငန်းများ၊တရားဥပဒေစိုးမိုးရေးနှင့် အကူးအပြောင်းကာလ တရားမျှတရေးဆိုင်ရာလုပ်ငန်းများ၊ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေဆိုင်ရာ အခြေခံများ၊တော်လှန်ရေးနည်းနာများနှင့်ပတ်သတ်ဦ အမြင်ချင်း ဖလှယ် အဖြေရှာ၍ ဆောင်ရွက်ဆဲ/ခဲ့ပါသည်။

## (ခက) အာဆီယံကဏ္ဍ

၁။ အာဆီယံ၏ ဘုံသဘောတူညီမှု (၅)ရပ်ထက် ပိုမို ထိရောက်၍ လက်တွေ့ကျသည့် တုံ့ပြန်မှုရှိသည့် စုပေါင်းသဘောထားတရပ်ပေါ်ပေါက်လာစေရေး ကြိုးပမ်းရန်

၂။ အာဆီယံအဖွဲ့ဝင်များဖြင့်သော်လည်းကောင်း၊အာဆီယံအဖွဲ့ကြီးဖြင့်သော်လည်းကောင်း ပူးပေါင်း၍ မြန်မာ့အရေးအတွက် ဆွေးနွေးနိုင်စေရန်။

၃။ အာဆီယံအဖွဲ့များ၏ လိုအပ်သည့် မြန်မာအကြမ်းဖက်စစ်အုပ်စု၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် စစ်ရာဇဝတ်မှုများ၊အရပ်သားပြည်သူများအပေါ် အကြောင်းမဲ့ သတ်ဖြတ်ဖမ်းဆီးမှု၊ညှင်းပန်းနှိပ်စက်မှုများ၊အရပ်သားများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုဆိုင်ရာ သတင်းအချက်အလက်များ၊မှတ်တမ်းများ ပေးပို့ဆောင်ရွက်ရန်။

## (ခဂ) ဒီမိုကရေစီနိုင်ငံများ၏ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

(၁) မြန်မာ့အရေးသည် ကမ္ဘာ့အရေးဖြစ်ပြီး ဒီမိုကရက်တစ်နိုင်ငံများ၏ အစိုးရများ၊အရပ်ဖက်အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ကာ အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်စေရေး။

(၂) အမျိုးသားညီညွတ်ရေးအစိုးရအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုလာစေရန် ဒီမိုကရက်တစ်နိုင်ငံများ၏ အရပ်ဖက်အဖွဲ့အစည်းများမှတဆင့် စည်းရုံးတိုက်တွန်းရန်။

(၃) အကြမ်းဖက်စစ်အုပ်စု နိဂုံးချုပ်ပေးနိုင်စေရေး၏ အဓိကသော့ချက်ဖြစ်သည့် ဝင်ငွေ နှင့် လုပ်ငန်းများ ရပ်တန့်နိုင်စေရေး၊နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆိုင်းငံ့၍ အကြမ်းဖက်စစ်အုပ်စု၏ ဘဏ္ဍာရေးအကြပ်အတည်းပေါ်ပေါက်လာစေရေး။

(၄) နိုင်ငံတကာရှိ နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ အကြမ်းဖက်စစ်အုပ်စု၏ ဥပဒေမဲ့ ကင်းလွတ်ခွင့် ရရှိနေခြင်းအား ရပ်တန့်၍ နိုင်ငံတကာဥပဒေများ၊နည်းနာများဖြင့် အရေးယူဆောင်ရွက်မှုများအား ပူးပေါင်းဆောင်ရွက်ရေး။

(၅) နိုင်ငံတကာရှိ တက္ကသိုလ်များ၊သင်ကြားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်တွင်းရှိ လူငယ်များ၏ ပညာရေးအခွင့်အလမ်း၊ပညာတော်သင်ဆုများ စသည့် ပညာရေးကဏ္ဍများအတွက် ဆွေးနွေးဆောင်ရွက်နိုင်ရေး။

## (၁၈) သံတမန်ရေးရာနှင့် ပိတ်ဆို့မှုကဏ္ဍ

၁။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ်ကြီး၏ ဆောင်ရွက်ချက်များ၊တရားဝင်မှု နှင့် သတင်းအချက်အလက်များအား ပူးပေါင်းနိုင်ရေး။

၂။ ကုလသမဂ္ဂ၏ မြန်မာ့အရေးဆိုင်ရာ အဖြေရှာမှုအား တိကျ၍ ပြတ်သားသည့် မူဝါဒများ၊ထုတ်ပြန်ချက်များ နှင့် ရလဒ်များ ဖြစ်ပေါ်လာစေရန် စောင့်ကြည့်ဆောင်ရွက်နိုင်ရေး။

၃။ အကြမ်းဖက်စစ်အုပ်စု၏ လေယာဉ်ဆီ နှင့် စစ်လက်နက်ပစ္စည်းများအား တင်သွင်းမှု၊ရောင်းချမှု နှင့် ဝယ်ယူမှုတို့အား ပိတ်ဆို့အရေးယူနိုင်စေရေး။

၄။ အကြမ်းဖက် စစ်အုပ်စုထံသို့ တရားမဝင်ငွေကြေးစီးဆင်းမှုပေးနေသည့် သို့မဟုတ် အကျိုးတူ/ဖက်စပ်/ပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီများ၊လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းများအား အသိပေးခြင်း၊စွက်ဖက်ခြင်း နှင့် စည်းရုံးခြင်း။

# (ဂ) အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင်ပြည်တွင်းရှိ အဓိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး

## (ဂက) တော်လှန်ရေး၊ဖက်ဒရယ်ဒီမိုကရေစီရေးဆိုင်ရာ ဖိုရမ်များ၊သင်တန်းများ၊အသိပညာပေး ဆောင်ရွက်မှုများ ဆောင်ရွက်ရေးကဏ္ဍ။

၁။ ပြည်တွင်းရှိ တော်လှန်ရေးအင်အားစုများနှင့်ပူးပေါင်းကာ အာဏာရှင်စနစ် နိဂုံးချုပ်ပေးနိုင်စေရေးဆိုင်ရာ စောပြောပွဲများ၊အသိပညာပေးပွဲများ၊ဖိုရမ်များ ပြုလုပ်ကျင်းပပေးနိုင်ရေး။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် တော်လှန်ရေးအင်အားစုများနှင့်ပူးပေါင်းကာ နိုင်ငံရေးဆိုင်ရာ သင်တန်းများ၊လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများ၊ဖက်ဒရယ်ဒီမိုကရေစီဆိုင်ရာသင်တန်းများ၊အကူးအပြောင်းကာလဆိုင်ရာ တရားမျှတမှု ဆိုင်ရာသင်တန်းများ ပူးပေါင်းပြင်ဆင် ဖွင့်လှစ်ပေးနိုင်စေရေး။

၃။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ၊သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်စေရေး။

## (၈ခ) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းကဏ္ဍအနေဖြင့်

၁။ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ(ပြည်နယ်အဆင့်) ဖော်ဆောင်နိုင်စေရေး။

၂။ နိုင်ငံရေးအင်အားစုများ၊နိုင်ငံရေးပါတီများ၊ဥပဒေပညာရှင်များ၊တက်သိပညာရှင်များ နှင့် စဉ်ဆက်မပြတ်ထိတွေ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ စတင်နိုင်ရေး။

၃။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ NUCC သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကာ ပူးပေါင်းဆောင်ရွက်နိုင်စေရေး။

၄။ မြို့နယ်တာဝန်ခံအဖွဲ့များ မှတဆင့် ပြည်သူလူထုထံသို့ တိုက်ရိုက်ကွင်းဆင်း၍ အာဏာရှင်စနစ်နိဂုံးချုပ်ပေးနိုင်စေရေး နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာများ၊ဟောပြောပွဲများ၊ဆောင်ရွက်နိုင်စေရေး။

## (၈ဂ) နွေဦးလူငယ်ကွန်ယက်ကဏ္ဍအနေဖြင့်

၁။ နွေဦးလူငယ်ကွန်ယက်၏ လုပ်ငန်းနှင့် တာဝန်များအား ကွန်ယက်တွင်ပါဝင်ကြသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ထိရောက်သည့် မူဝါဒ၊လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး။